ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

# မြန်မာနိုင်ငံနှင့် နိုင်ငံအချို့၏ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်မှုများအားလေ့လာခြင်း

**အကျဉ်းချုပ်**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအားလုပ်ဆောင်ခြင်းသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်မှုရှိသောလုပ်ငန်း တစ်ရပ်ဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် နိုင်ငံများ၏ အနေအထားအပေါ်မူတည်ပြီးမတူညီကြပါ။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပြည်သူတစ်ရပ်လုံးကိုလွှမ်းခြုံ စဉ်းစားသည့် လူမှုဖူလုံရေးအပိုင်းကိုဦးတည်၍လုပ်ဆောင်ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိခိုက် ခံစားလွယ်သည့်အုပ်စုများအတွက် လက်ရှိအခက်အခဲအားတုံ့ပြန်နိုင်ရန်ရည်ရွယ်၍ လုပ်ဆောင် ကြပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ထုတ်ပြန်ခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်နှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ဤစာတမ်းတိုတွင် ၂၀၁၄ ခုနှစ်၊ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်အရ ဆောင်ရွက် လျက်ရှိသော အစိုးရ၏လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေး အန္တရာယ်လျော့ပါးရေးစီမံချက်ချိတ်ဆက်မှုနှင့် နိုင်ငံအချို့၏လူမှုကာကွယ်စောင့်ရှောက်မှုပုံစံများ စသည့် အချက်အလက်များကို စုစည်း၍ဖော်ပြထားပါသည်။

သုတေသနစာတမ်းတိုအမှတ်စဉ် ( ၁၀၄)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမျှော်မှန်းချက် | ၃ |
| ၃။ | ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အစိုးရ၏ဆောင်ရွက်ချက်များ | ၄ |
| | (က) ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် | ၄ |
| | (ခ) လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက် | ၅ |
| | (ဂ) လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်ကော်မတီ | ၇ |
| ၄။ | အစိုးရ၏လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ | ၇ |
| | (က) ကိုယ်ဝန်ဆောင်မိခင်နှင့်အသက်၂နှစ်အောက်ကလေးထောက်ပံ့ကြေးပေးခြင်း | ၇ |
| | (ခ) မသန်စွမ်းထောက်ပံ့ရေးအစီအစဉ်များ | ၉ |
| | (ဂ) သက်ကြီးရွယ်အိုများအတွက်လူမှုရေးပင်စင်ပေးအပ်ခြင်း | ၁၀ |
| | (ဃ) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက်ငွေကြေးထောက်ပံ့ခြင်း | ၁၀ |
| | (င) လူမှုဖူလုံရေးအစီအစဉ်များ | ၁၂ |
| | (စ) အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်း | ၁၁ |
| ၅။ | ဆက်လက်ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ | ၁၂ |
| | (က) ကျောင်းတွင်းအာဟာရကျွေးမွေးရေးအစီအစဉ် | ၁၂ |
| | (ခ) ကလေးသူငယ်များ အားထောက်ပံ့ငွေပေး အပ်ခြင်း | ၁၂ |
| ၆။ | အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ | ၁၃ |
| ၇။ | လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေးစီမံချက် | ၁၄ |
| ၈။ | စိန်ခေါ်မှုများ၊ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များ | ၁၄ |
| ၉။ | နိုင်ငံအချို့၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်မှုများ | ၁၆ |
| | (က) ကမ္ဘောဒီးယားနိုင်ငံ | ၁၆ |
| | (ခ) မက္ကဆီကိုနိုင်ငံ | ၁၈ |
| | (ဂ) ဂျာမနီနိုင်ငံ | ၁၉ |
| ၁၀။ | နိဂုံး | ၂၀ |

နိဒါန်း

၁။ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းစီနှင့် အိမ်ထောင်စုများအား စီးပွားရေးနှင့် လူမှုရေးအန္တရာယ်ကျရောက်နိုင်မှုများမှကြိုတင်ကာကွယ်လျှော့ချပေးသော၊ အခြေခံ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများ၊ စီးပွားရေးအခွင့်အလမ်းရရှိမှုအား မြှင့်တင်ပေး သော၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးခြင်းနှင့် အရေးပေါ်အခြေအနေအခက်အခဲများ တွေ့ကြုံလာသည့် အခါ စီမံဖြေရှင်းနိုင်သည့် အရည်အသွေး ရရှိစေရန် အစိုးရကစီမံဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါသည်။[1]

၂။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် လူမှုဘဝရပ်တည်ရန်ခက်ခဲသူများအား ထောက်ပံ့ပေးခြင်းနှင့် လူမှုစီးပွားဘဝပြင်ပသို့ရောက်ရှိသွားသူများအား ပြန်လည်ရပ်တည်နိုင်စေရန် ရည်ရွယ်၍လုပ်ဆောင်ခြင်းဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများလုပ်ဆောင် ရာတွင် နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှု အနေအထားအပေါ်မူတည်ပြီး မတူညီကြပါ။ ဖွံ့ဖြိုးပြီးနိုင်ငံ များတွင် ပြည်သူတစ်ရပ်လုံး၏လူမှုဖူလုံရေးအပိုင်းကို ဦးတည်၍လုပ်ဆောင်ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် ထိခိုက်ခံစားလွယ်သူများအတွက် လက်ရှိအခက်အခဲအားတုံ့ပြန်နိုင်ရန် ရည်ရွယ်၍လုပ် ဆောင်ကြပါသည်။[2]

## မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမျှော်မှန်းချက်

၃။ လူမှုကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ငွေကြေးထောက်ပံ့မှုပေးခြင်း၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် ထောက်ပံ့မှုပေးခြင်းစသည်ဖြင့် လုပ်ငန်းနယ်ပယ် နှစ်ရပ် သတ်မှတ်၍ လုပ်ဆောင်ကြပါသည်။ မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးကင်းစကလေးများ၊ ကျောင်းနေအရွယ်ကလေးများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို ဘိုးဘွားများစသည့် ထိခိုက်လွယ်သည့် အုပ်စုများနှင့် အရွယ်ရောက်ပြီးအလုပ်လုပ်ကိုင်နိုင်သူများအတွက် လိုအပ်သောအကာအကွယ်နှင့်

[1] မြန်မာနိုင်ငံ၏အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၃၁ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဖေဖော်ဝါရီ ၁၅၊ ၂၀၁၉

[2] လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ် (ပထမမူကြမ်း) မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဖေဖော်ဝါရီ ၁၀၊ ၂၀၁၉)

ခံစားခွင့်များရရှိနိုင်ရန် ဆောင်ရွက်ပေးမှုများပါဝင်ပါသည်။[3] မြန်မာနိုင်ငံသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အောက်ပါအတိုင်းလူအများပါဝင်နိုင်ပြီး သာတူညီမျှရှိလျက် ရေရှည်ဆောင်ရွက်နိုင်သည့်စနစ်ဖြစ်စေရန် မျှော်မှန်း၍ဆောင်ရွက်လျက်ရှိပါသည် –

(က) ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့် ရေရရှိမှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရေးကူညီပံ့ပိုးခြင်းဖြင့် လူသားအရင်းအနှီးတိုးတက်ကောင်းမွန်လာစေခြင်း၊

(ခ) လူအများကိုအန္တရာယ်ကျရောက်မှုနှင့် ထိခိုက်မှုများမှ အကာအကွယ်ပေးခြင်း၊

(ဂ) ဘဝသက်တမ်းအဆင့်ဆင့်တွင် စီးပွားရေးနှင့် လူမှုရေးဘဝရပ်တည်ရန် ခက်ခဲမှုများနှင့် စားနပ်ရိက္ခာမလုံခြုံမှုကို ဖြေရှင်းဆောင်ရွက်ပြီး စီးပွားရေး အခွင့်အလမ်းများတိုးပွားစေခြင်းနှင့်

(ဃ) လူမှုရေးနယ်ပယ်ပြင်ပသို့ ရောက်ရှိမှုနည်းပါးသက်သာစေခြင်းတို့ဖြစ်ပါသည်။ [4]

**ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အစိုးရ၏ဆောင်ရွက်ချက်များ**

၄။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အစိုးရ၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်**။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများ၊ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟုဖော်ပြထားပါသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်အစိုးရသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ


[3] Ibid

[4] မြန်မာနိုင်ငံ၏အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၂၅၅ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဖေဖော်ဝါရီ ၁၅၊ ၂၀၁၉)

ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများကို ပြဋ္ဌာန်းထားပါသည်။

**(ခ) လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်။**

မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၄) အရ ဖွဲ့စည်းထားသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ရေးဆွဲခဲ့ပါသည်။ မဟာဗျူဟာရေးဆွဲရာတွင် ကော်မတီကိုအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အမျိုးအသားအဆင့် နည်းပညာ ပံ့ပိုးမှုအုပ်စု (National Technical Support Group, NTSG) ကိုဖွဲ့စည်းခဲ့ပါသည်။ အဆိုပါမဟာဗျူဟာကို NTSG ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်များအပေါ်အခြေခံပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကိုပံ့ပိုးမှုပေးမည့် အားလုံးအတွက်အကျိုးဝင်သော ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ်အဖြစ်ရေးဆွဲ၍၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့ပါသည်။ မဟာဗျူဟာတွင်လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြင့် လူမှုသက်တမ်းတစ်လျှောက်လုံးဖော်ဆောင်ရမည့်အောက်ဖော်ပြပါနယ်ပယ် ၄ ရပ် နှင့် ယင်းအဆင့်တစ်ဆင့်စီနှင့်ဆက်စပ်နေသည့်အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘ၀ရပ်တည်ရန် ခက်ခဲခြင်း ဥပမာများကိုဖော်ထုတ်ထားပါသည်-



ယင်းမဟာဗျူဟာအရ သတ်မှတ်ထားသော နယ်ပယ် ၄ ရပ် အတွက် အဓိကဖော်ဆောင်ရမည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် ၈ ရပ် မှာ အောက်ပါအတိုင်းဖြစ်ပါ သည်–

(၁) ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် ၂ နှစ်အောက်ကလေးသူငယ်များအား ထောက်ပံ့ကြေးပေးအပ်ခြင်း၊

(၂) မသန်စွမ်းသူများအားထောက်ပံ့ကြေးပေးအပ်ခြင်း၊

(၃) အသက်(၃)နှစ်မှ (၁၅) နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေး အပ်ခြင်း၊

(၄) သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်း၊

(၅) ကလေးသူငယ်များအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း၊

(၆) အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်း၊

(၇) သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များအားထောက်ပံ့ကူညီခြင်းနှင့်

(၈) ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းတို့ ဖြစ်ပါသည်။[5]

မဟာဗျူဟာတွင် ယင်းလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် ၈ ရပ် အား အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဝန်ကြီးဌာနများ၊ နည်းလမ်းများနှင့် ဆောင်ရွက် သွားရမည့်ကာလအပိုင်းအခြားတို့ကို ဖော်ပြထားပါသည်။ လက်ရှိတွင် အချို့အစီအစဉ်များ သည် အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါ သည်။

အဆိုပါ မဟာဗျူဟာကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် (၂၀၁၈–၂၀၂၃) ကာလလတ်(Medium – Term Costed Sector Plan) လူမှုကာကွယ်

[5] Ibid

စောင့်ရှောက်ရေးအစီအစဉ်ကိုရေးဆွဲထားရှိပြီး ယင်းစီမံချက်နှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။[6]

(ဂ) **လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်ကော်မတီ။** နိုင်ငံတော်အစိုးရသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခင်အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၄) အရဖွဲ့စည်းထားသောလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၈)ဖြင့် ဒုတိယသမ္မတ (၁) ဦးဆောင်၍ တာဝန်ခံဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဝင် (၁၁) ဦးဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်ကော်မတီအဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အကောင်အထည်ဖော်မည့် လုပ်ငန်းတာဝန် (၁၁)ရပ်ကိုချမှတ်ခဲ့ပါသည်။ ယင်းလုပ်ငန်းတာဝန်များနှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။[7]

**အစိုးရ၏လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ**

၅။ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အသက်အရွယ်အမျိုးအစားအလိုက် အောက်ပါအတိုင်းဝန်ဆောင်မှုပေးလျက်ရှိပါသည်-

(က) **ကိုယ်ဝန်ဆောင်မိခင်နှင့်အသက်၂နှစ်အောက်ကလေးထောက်ပံ့ကြေးပေးခြင်း။** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေးသူငယ်များ လူ့ဘဝအစ ရက်ပေါင်း (၁၀၀၀) အတွင်း အာဟာရနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များပြည့်မီပြီး၊ ကလေးသူငယ်နာမကျန်းမှုနှင့် သေဆုံးမှုနှုန်းကျဆင်းရန်ရွယ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ချင်းပြည်နယ်၊

[6] လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၁၈)၊ http://www.president-office.gov.mm/zg/?q=briefing-room/news/2018/06/18/id-15039 မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဖေဖော်ဝါရီ ၁၊ ၂၀၁၉)

[7] Ibid

ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကျပ် ၁၅,၀၀၀နှုန်း ဖြင့်လစဉ်ထောက်ပံ့ကြေးပေးအပ်လျက်ရှိပါသည်။ အဆိုပါထောက်ပံ့ကြေးပေးအပ်သည့်အစီအစဉ်အား ၂၀၁၈-၂၀၁၉ ကရင် ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင်ထပ်မံတိုးချဲ့ပေးအပ်လျက်ရှိပါသည်။[8] ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ဘတ်ဂျက်အပြင် ကမ္ဘာ့ဘဏ် (World Bank) ၏ (International Development Association, IDA) အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အဖွဲ့အစည်းထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ချေးငွေရယူ၍ လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာစစ်တမ်း၂၀၁၅-၂၀၁၆ အရ ပုညက်မှုနှုန်းမြင့်မားသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးဖြစ်ပါသည်။ ထိုကဲ့သို့အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ကြေးအကျိုးခံစားခွင့်များကို မှန်မှန်ကန်ကန်ရရှိစေရေးအတွက်မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများကိုဖွဲ့စည်း၍ ရပ်ရွာလူထုအားအသိပေးခြင်း၊ တိုင်ကြားမှုများလက်ခံဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းအဆင့်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထပ်မံ၍တိုးချဲ့ဆောင်ရွက်သွားမည့် တိုင်းဒေသကြီး/ပြည်နယ်များမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင်မန္တလေးတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် ကာလလတ် အစီအစဉ် ၅ နှစ် စီမံကိန်းများရေးဆွဲထားပြီးဖြစ်ပါသည်။ ကျန်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်များကို

[8] လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၊ ၉-၄-၂၀၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဧပြီ ၉ ၊ ၂၀၁၉)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကသုတေသနပြုထားသော လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာစစ်တမ်း ၂၀၁၅-၂၀၁၆ တွင်ဖော်ပြထားသော ပုညက်မှုနှုန်းများအရ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။[9]

(ခ) **မသန်စွမ်းထောက်ပံ့ရေးအစီအစဉ်များ။** နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများလူမှုအသိုင်းအဝိုင်းအတွင်း အခွင့်အရေး တန်းတူညီမျှရရှိစေရန်အတွက် ၂၀၁၅ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် နည်းဥပဒေကိုထုတ်ပြန်ခဲ့ပါသည်။ မသန်စွမ်းသူများအခွင့်အရေးဥပဒေပုဒ်မ ၄ အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီကို ဒုတိယသမ္မတ-၂ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်၍ သက်ဆိုင်ရာ၊ ဝန်ကြီးဌာနများမှပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ သက်ဆိုင်ရာဝန်ကြီးများဖြင့်ဖွဲ့စည်း၍ မသန်စွမ်းသူများ၏အခွင့်အရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဥပဒေအရ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မသန်စွမ်းသူများအနေဖြင့် ကျရာအခန်းကဏ္ဍမှပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ကို ရေးဆွဲထားပါသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ရေးစနစ်ပေါ်ထွက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။[10] လက်ရှိတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မသန်စွမ်းသူများစာရင်းကောက်ယူပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်

[9] ဒုတိယအကြိမ်၊ ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး၊ ၈-၆-၂၀၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၄ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၄၊ ၂၀၁၉)

[10] ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ သတ္တမနေ့၊ ၃၁-၁-၂၀၁၉ ရက်နေ့ မေးခွန်းဖြေကြားချက် https://www.pyithuhluttaw.gov.mm/question-3600 မှရရှိပါသည်။

ကနဦးထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ [11]

(ဂ) **သက်ကြီးရွယ်အိုများအတွက်လူမှုရေးပင်စင်ပေးအပ်ခြင်း။** နိုင်ငံတော်အစိုးရသည် သက်ကြီးရွယ်အိုများတွင် ရင်ဆိုင်တွေ့ကြုံရသည့်ဆင်းရဲမှု၊ ကျန်းမာရေးမပြည့်စုံမှု၊ လူမှုရေးအထီးကျန်ဆန်မှုနှင့် အခွင့်အရေးများကိုဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ သက်ကြီးရွယ်အိုများ၏အခန်းကဏ္ဍကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုလွှတ်တော်က သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၄/၂၀၁၆) ဖြင့် ၃၀-၁၂ -၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည့်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍အသက် (၉၀) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေး ပင်စင်ထောက်ပံ့ပေးခဲ့ရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍အသက်(၉၀)နှစ်အစားအသက်(၈၅)နှစ်နှင့်အထက်ဟု ပြင်ဆင်သတ်မှတ်ခဲ့ပြီးလစဉ်ထောက်ပံ့ကြေး ငွေကျပ် ၁၀,၀၀၀ နှုန်းဖြင့် ၃ လ တစ်ကြိမ် ပုံမှန်ထောက်ပံ့ပေးလျက်ရှိပါ သည်။

(ဃ) **စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက်ငွေကြေးထောက်ပံ့ခြင်း။** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သည့် ဘိုးဘွားရိပ်သာ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ မသန်စွမ်းဂေဟာ၊ အမျိုးသမီးစောင့်ရှောက်ရေးရိပ်သာ၊ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ စသည်တို့အတွက်လည်း ထောက်ပံ့ငွေပေးအပ်ပွဲများပြုလုပ်၍ ထောက်ပံ့ကြေးပေးအပ်လျက်ရှိပါသည်။[12]

---

[11] ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြို့သစ်မြို့နယ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်၊ ၁၀-၁၂-၂၀၁၈ ရက်နေ့ထုတ်ကြေးမုံသတင်းစာ ၊ စာမျက်နှာ ၄ မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဒီဇင်ဘာ ၁၇၊ ၂၀၁၈)

[12] မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့ငွေပေးအပ်, ကြေးမုံသတင်းစာ၊ ၇-၄-၂၀၁၉ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဧပြီ ၈၊ ၂၀၁၉)

(င) **လူမှုဖူလုံရေးအစီအစဉ်များ။** လူမှုဖူလုံရေးကဏ္ဍသည် လူမှုကာကွယ်စောင့်ရှောက်ရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများအတွက် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်ဖြစ်ပေါ်စေရေး၊ လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် လူမှုဖူလုံရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်လျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးအာမခံအလုပ်သမားများအားကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို ထိရောက်မြန်ဆန်စွာပေးနိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာကဏ္ဍ၊ စီမံခန့်ခွဲမှုကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ စသည့်ကဏ္ဍ ၄ ခုကို နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့် လူမှုဖူလုံရေးစနစ်ဖြစ်ပေါ်စေရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိပါသည်။[13] ထို့ပြင် လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုပေးသော ဝန်ဆောင်မှုပေးသူနှင့်ဝန်ဆောင်မှုဝယ်ယူသူစနစ် (Provider Purchaser Split – PPS)စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး စမ်းသပ်ဆေးခန်းများကို ၂၀၁၈ ခုနှစ်မှစတင်၍ ဖွင့်လှစ်လျက်ရှိပါသည်။[14]

---

[13] အမျိုးသားအဆင့်လူမှုဖူလုံရေးအစည်းအဝေး(၂/၂၀၁၈)၊ ၁၇-၁၂-၂၀၁၈ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇန်နဝါရီ ၂၅၊ ၂၀၁၉)

[14] မြန်မာ့အလင်းသတင်းစာ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်း (၉-၁၂-၂၀၁၈) ရက်နေ့ထုတ်သတင်းစာမှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဧပြီ ၂၉၊ ၂၀၁၉)

(စ) **အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများပေးခြင်း။** လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ အရွယ်ရောက်သူများနှင့် အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။[15]

## ဆက်လက်ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ

၆။ မဟာဗျူဟာအရ ဆက်လက်ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ကျောင်းတွင်းအာဟာရကျွေးမွေးရေးအစီအစဉ်။** ကလေးသူငယ်များကို အခမဲ့ အာဟာရကျွေးမွေးခြင်းဖြင့်ကျောင်းနေနှုန်းမြင့်မားလာစေရန်ရည်ရွယ်၍ ကျောင်းများတွင် နေ့စဉ်ကလေးတစ်ဦးလျှင် ထမင်းနှင့်ဟင်းတစ်နပ်ကျွေးမွေးရန် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စားနပ်ရိက္ခာဖူလုံမှုအလွန် နည်းပါး၍ ကျောင်းတက်နှုန်း နည်းပါးသည့်ဒေသများတွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းအစီအစဉ်အား ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်ရန်မျှော်မှန်းထားသည်ဟု မဟာဗျူဟာတွင်ဖော်ပြထားပါသည်။ တာဝန်ယူဆောင်ရွက်မည့်ဝန်ကြီးဌာနမှာ ပညာရေးဝန်ကြီးဌာန ဖြစ်ပါသည်။

(ခ) **ကလေးသူငယ်များ အားထောက်ပံ့ငွေပေး အပ်ခြင်း။** အသက် ၃ နှစ် အရွယ်ကလေးသူငယ်မှစ၍ ၁၅ နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်သွားမည်ဟု မဟာဗျူဟာတွင်ဖော်ပြထားပါသည်။ ထောက်ပံ့ငွေကို ကလေးတစ်ဦးလျှင် တစ်လ ကျပ် ၈၀၀၀ ဖြစ်ပြီး ၃ နှစ်အရွယ်မှ စတင်ပေးအပ်မည်ဖြစ်ပြီး

[15] အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း ၊ ၉-၄-၂၀၁၉ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ 19 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၁၀၊ ၂၀၁၉)

နှစ်စဉ် အသက်တစ်နှစ်စီတိုး၍ ခွင့်ပြုငွေတိုးချဲ့ပေးအပ်မည်ဖြစ်ပါသည်။ တာဝန်ယူဆောင်ရွက်မည့်ဝန်ကြီးဌာနမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဖြစ်ပါသည်။ ယင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် စတင်လုပ်ဆောင်မည်ဟု မဟာဗျူဟာတွင်ဖော်ပြထားသော်လည်း နိုင်ငံတော်၏ဘတ်ဂျက်အခြေအနေအရ ဆောင်ရွက်ရန် လျာထားဆဲဖြစ်ကြောင်း သိရှိရပါသည်။[16]

## အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ

၇။ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ကျင်းပပြုလုပ်သော၂၃ ကြိမ်မြောက်အာဆီယံအဖွဲ့ဝင်နိုင်ငံများထိပ်သီးဆွေးနွေးပွဲတွင် လူမှုကာကွယ်စောင့်ရှောက်မှုအားကောင်းစေရေးဆိုင်ရာ အာဆီယံကြေညာချက်ကို မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံးကအတည်ပြုခဲ့ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာတွင် ယင်းအာဆီယံကြေညာချက်ပါမူများကို ထည့်သွင်းရေးဆွဲထားပါသည်။[17]

၈။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးလျက်ရှိသည့် (Livelihoods and Food Security Fund, LIFT) အသက်မွေးဝမ်းကြောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့အစည်းသည် အစိုးရ၏လူမှုကာကွယ်ရေးစနစ်အားကောင်းခိုင်မာစေရန်အကူအညီများပေးအပ်လျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်LIFT တို့ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအတွက် ထောက်ပံ့ကြေးပေးခြင်းနှင့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းအစီအစဉ်များတွင် ပူးပေါင်း၍လုပ်ဆောင်လျက်ရှိပါသည်။[18]

၉။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားများ၏လူမှုဖူလုံရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့ အစည်းများဖြစ်သည့် (International Social Security Association – ISSA )

---

[16] မြန်မာနိုင်ငံ၏အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၃၁၅၊ ၃၂၅ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဖေဖော်ဝါရီ ၁၅၊ ၂၀၁၉)

[17] မြန်မာနိုင်ငံ၏အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၁၁၂ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဖေဖော်ဝါရီ ၁၅၊ ၂၀၁၉)

[18] Lift Social Protection Guideline,  Livelihoods and Food Security Fund, LIFT မှ ရရှိပါသည်။ {accessed 15 April 2019}

နှင့် (ASEAN Social Security Associatiion – ASSA )တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတို့နှင့်ပူးပေါင်း၍ လူမှုဖူလုံရေးစီမံကိန်းကိုနိုင်ငံတကာစံနှုန်းများနှင့်အညီ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက်အသိပညာ၊ ကျွမ်းကျင်မှုများဖလှယ်၍ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[19]

## လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျှော့ပါးရေးစီမံချက်

၁၀။ အစိုးရသည်လူမှုကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကြောင့်ကြုံတွေ့ရသော ဘဝရပ်တည်ရန်ခက်ခဲမှုများနှင့် အန္တရာယ်ကျရောက်လွယ်မှုများကိုလွှမ်းခြုံသောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးစီမံခန့်ခွဲရေး (Disaster Risk Management, DRM)သည် ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်များကျရောက်နိုင်မှုကို ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးမှာ ဆင်းရဲနွမ်းပါးသောမိသားစုများ၏ လူမှုရေးနှင့် စီးပွားရေးအန္တရာယ်ကျရောက်လွယ်မှုများကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ဘဘာဝဘေးဖြင့်ကြုံတွေ့လာသည့်အခါ ခံနိုင်ရည်ရှိမှုတိုးမြှင့်လာစေရန်ရည်ရွယ်ပါသည်။ သဘာဝဘေးစီမံခန့်ခွဲရေး(DRM)နှင့် လူမှုကာကွယ်စောင့်ရှောက်မှုနှစ်ရပ်စလုံးကိုဖြေရှင်းဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးများကိုခံနိုင်ရည်ရှိသော ပတ်ဝန်းကျင်တစ်ရပ်ပေါ်ပေါက်လာပြီး သဘာဝဘေးကြောင့်ထိခိုက်မှုများကို လျင်မြန်စွာပြန်လည်ထူထောင်နိုင်သည့်စွမ်းဆောင်ရည်များကို တိုးမြှင့်စေမည်ဖြစ်ပါသည်။[20]

## စိန်ခေါ်မှုများ၊ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များ

၁၁။ လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ ကမ္ဘာ့ဘဏ် (World Bank) ကလေ့လာပြုစုထားသည့် သုတေသနစာတမ်းများအရ လေ့လာတွေ့ရှိချက်အချို့နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာတွင် ဖော်ပြထားသောအကြံပြုချက်များမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်–

[19] အမျိုးသားအဆင့်လူမှုဖူလုံရေးအစည်းအဝေး(၂/၂၀၁၈)၊ ၁၇-၁၂-၂၀၁၈ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇန်နဝါရီ ၂၅၊ ၂၀၁၉)

[20] မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၄ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၀)

(က) **စိန်ခေါ်မှုများ။** မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ဖော်ဆောင်ရာတွင်ကြုံတွေ့ရသည့် စိန်ခေါ်မှုအချို့မှာ လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများသည် လိုအပ်ချက်များရှိနေပြီး နယ်မြေဒေသအနည်းငယ်ကိုသာ ဆောင်ရွက်ပေးနိုင်ပါသည်။ မြို့နယ်အဆင့်တွင် ရုံးများမရှိခြင်းနှင့် ဝန်ဆောင်မှုများ ပေးအပ်ရန် တရားဝင်ခန့်အပ်ထားသော ဝန်ထမ်းအင်အားမှာလည်း နည်းပါးပါသည်။[21]ထို့အပြင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ရန်ပုံငွေပိုမိုလိုအပ်လျက်ရှိခြင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် အသစ်ဖွဲ့စည်းထားသည့်ဌာနဖြစ်သောကြောင့် မသန်စွမ်းသူများပြန်လည်ထူထောင်ရေးတွင် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးရန်လိုအပ်နေခြင်း၊ မသန်စွမ်းစာရင်းကောက်ယူခြင်းနှင့် မသန်စွမ်းမှတ်ပုံတင်ရန်အတွက် အချက်အလက်များကောက်ယူရန် IT နည်းပညာအကူအညီများနှင့် ကျွမ်းကျင်သူများ လိုအပ်လျက်ရှိခြင်းနှင့် ရေရှည်ဆောင်ရွက်နိုင်မည့် နည်းပညာအကူအညီနှင့် အထောက်အပံ့များလိုအပ်လျက်ရှိပါသည်။[22]

(ခ) **လေ့လာတွေ့ရှိချက်များ။** အစိုးရသည် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို တိုးမြှင့်လျက်ရှိသော်လည်း နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက နည်းပါးနေဆဲဖြစ်၍ ဆက်လက်တိုးမြှင့်ရန်လိုအပ်လျက်ရှိခြင်း၊ အစိုးရနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရာတွင် တိကျခိုင်မာသည့်စနစ်တစ်ခုလိုအပ်လျက်ရှိခြင်း၊ အစိုးရသည်လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ခဲ့ပြီး လုပ်ငန်းအစီအစဉ်သစ်များတိုးချဲ့ဆောင်ရွက်ခဲ့သော်လည်း ရေရှည် ဆောင်ရွက်သွားနိုင်ရေးအတွက် ငွေကြေးအကန့်အသတ်ရှိနေပါသည်။ ထို့ကြောင့် အနာဂတ်အစီအစဉ်များတွင် ထိရောက်ပြီးရေရှည်

[21] မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၄ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၀)

[22]လူမှုဝန်ထမ်းဌာနရှေ့ဆက်လုပ်ဆောင်ချက်တွေရှင်းလင်းပြောကြား၊23May2018၊https://www.kumudranews.com/ news- 27905 မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၀)

ဆောင်ရွက်ပေးနိုင်မည့်အစီအမံများပေးဆောင်နိုင်စေရန် အစိုးရအဖွဲ့အစည်းများ အကြား သင့်လျော်သည့်ပူးပေါင်းဆောင်ရွက်မှုစနစ်တစ်ခု ထူထောင်ရန်လိုအပ် သည်ဟု ဖော်ပြထားပါသည်။[23]

(ဂ) **အကြံပြုချက်များ။** လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်း အစီအစဉ် များသည် ပြည်သူများဘဝတစ်သက်တာတွေ့ကြုံရသည့် အန္တရာယ်ကျရောက်နိုင် မှုများနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်ပါသည်။ မိသားစုများနှင့် ကလေးသူငယ်များသည် ဘဝရပ်တည်ရန် ခက်ခဲမှုများကို စဉ်ဆက်မပြတ်ရင်ဆိုင်နေရပြီး ယင်းတို့ကိုထိရောက်စွာ ဖြေရှင်း ဆောင်ရွက်ရန်နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဘဝရပ်တည် ရန်ခက်ခဲမှုအပိုင်းကဏ္ဍများအားဖော်ထုတ်၍ လိုအပ်သောအစီအမံများကိုထိရောက် စွာပံ့ပိုးပေးနိုင်ရန်၊ ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းအချင်းချင်း ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုအားကောင်းလာစေရန် ဆောင်ရွက်ရ မည်ဟု မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာ တွင် ဖော်ပြထားပါသည်။ ။[24]

## နိုင်ငံအချို့၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်မှုများ

၁၂။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍နိုင်ငံအချို့၏ဆောင်ရွက်မှုများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) **ကမ္ဘောဒီးယားနိုင်ငံ။** ကမ္ဘောဒီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူမှုကာကွယ်စောင့်ရှောက်ရေးကိုအလေးထား၍ဆောင်ရွက်ရန် ပုဒ်မများရေးဆွဲ ၍ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၊ ၂၅ ၊ ၇၅ တွင် လူတိုင်း သည် လူမှုကာကွယ်စောင့်ရှောက်မှုရပိုင်ခွင့် ခံစားခွင့်ရှိသည်ဟုလည်းကောင်း၊

---

[23] ကြွံကြွံခိုင်နိုင်ရေး၊ တန်တူညီမျှရေးနှင့် အခွင့်အလမ်းတို့အား မြှင့်တင်ဆောင်ရွက်ခြင်း ၊ The World Bank http://siteresources.worldbank.org/EASTASIAPACIFICEXT/Resources/226300-1436775055786/07072015-PR-social-protection-myanmar-version.pdfမှရရှိပါသည်။
(ကြည့်ရှုရရှိသည့်ရက် ၂၀၁၉ ခုနှစ်၊ မေ ၅)

[24] မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းစီမံချက်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ စာမျက်နှာ ၄ မှ ရရှိပါသည်။
(ကြည့်ရှုရရှိသည့်ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၀)

ဘဝရပ်တည်ရန်အခက်အခဲရှိသူများအား ကာကွယ်စောင့်ရှောက်ရမည်ဟု လည်းကောင်း၊ အလုပ်သမားများအတွက်လူမှုဖူလုံရေးစနစ်ကို တည်ထောင် ရမည်ဟု၍ လည်းကောင်းဖော်ပြထားပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကဏ္ဍအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကိုဆောင်ရွက်ရန် သက်ဆိုင်ရာဥပဒေများကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသည် အစိုးရဝန်ကြီးဌာန (၇) ခုနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။ထို့ပြင်အစိုးရသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန် အမျိုးသားအဆင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနည်းဗျူဟာ၊ ကမ္ဘောဒီးယားထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် (Cambodia Millennium Development Goal, CMDGs)နှင့် အခြားနည်းဗျူဟာများပါဝင်သော လူမှုကာကွယ်ရေးအမျိုးသားအဆင့်မဟာဗျူဟာ (၂၀၀၉–၂၀၁၃) ကိုရေးဆွဲခဲ့ပါသည်။ မဟာဗျူဟာသည် ကျေးလက်ဒေသရှိပြည်သူများ၏ဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကဦးတည်ပါသည်။မဟာဗျူဟာတွင်ပြည်သူများအတွက် ပုံမှန်နှင့်ပုံမှန်မဟုတ်သောအခြေအနေများအတွက် အလုပ်များဖန်တီးပေးခြင်း လုံခြုံစိတ်ချပြီးကောင်းမွန်သောလုပ်ငန်းခွင်အခြေအနေများ ဖန်တီးပေးခြင်း၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသည့်အခါတွင်ကူညီထောက်ပံ့ပေးခြင်း၊ ထိခိုက်လွယ်သောအုပ်စုများအတွက်အထူးအစီအစဉ်များနှင့် မိဘမဲ့ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်ရေးဂေဟာများတည်ထောင်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် လူကုန်ကူးမှုကိုတားမြစ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်း စသည့်အစီအစဉ်များပါဝင်ပါသည်။

သို့ရာတွင် ကမ္ဘောဒီးယားနိုင်ငံသည် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ လိုအပ်ချက်များနှင့် အခက်အခဲများရှိနေပါသည်။ အစိုးရ၏လူမှုဝန်ထမ်းစောင့်ရှောက်ရေးအတွက်ခွဲဝေပေးသော အသုံးစရိတ်မှာ

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့သောငွေကြေးနှင့်နိုင်းယှဉ်ပါက နည်းပါးနေပါသည်။ ထို့ပြင် ဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းများဆောင်ရွက်ရာတွင်ချိတ်ဆက်မှုအားနည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ရန်လုပ်ပိုင်ခွင့်များဖော်ပြထားမှုမရှိခြင်း၊ ဝန်ကြီးဌာနများ၏လုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းတာစစ်ဆေးသည့်စနစ်မရှိခြင်းစသည့် အခက်အခဲများရှိနေပါသည်။ ထိုအခက်အခဲများကို ဖြေရှင်းနိုင်ရန် ကမ္ဘောဒီးယားအစိုးရသည် ဝန်ကြီးဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကောင်စီ(The Council for Agricultural and Rural Development, CARD) ကိုဖွဲ့စည်း၍ဆောင်ရွက် လျက်ရှိပါသည်။[25]

(ခ) **မက္ကဆီကိုနိုင်ငံ။** မက္ကဆီကိုနိုင်ငံသည်စီးပွားရေးတိုးတက်ရန်နှင့် အလုပ်လက်မဲ့နှုန်းလျှော့ချရန် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုအား ၁၉၉၀ ပြည့်နှစ်တွင်စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းပြုပြင်ပြောင်းလဲမှုသည် ကျောင်းနေနှုန်းနိမ့်ကျခြင်း၊ ကလေးသူငယ်များအာဟာရမပြည့်ဝခြင်း၊ ကျန်းမာရေးအဆင့် နိမ့်ကျခြင်းကိုထိရောက်စွာဆောင်ရွက်နိုင်ခြင်းမရှိ၍ ၁၉၉၇ ခုနှစ် တွင် အစီအစဉ် အသစ်ကို ပြန်လည်ရေးဆွဲခဲ့ပါသည်။ ယင်းအစီအစဉ်အသစ်တွင် မိခင်များကိုထောက်ပံ့ကြေးပေးအပ်ခြင်းဖြင့်ကလေးသူငယ်များကို ကျောင်းတက်ရောက်ရန် ဖန်တီးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အမျိုးသမီးကလေးသူငယ်များအား ခလေ့ထုံးတမ်းအရခွဲခြားဆက်ဆံခြင်းမပြုရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းအစီအစဉ်ကြောင့် ကလေးသူငယ်များ စာတတ်မြောက်မှုကောင်းမွန်လာပြီး ကျောင်းနေနှုန်းမြင့်မားလာခြင်း၊ တိုင်းရင်းသားနှင့် တိုင်းရင်းသား မဟုတ်သောအမျိုးသား/အမျိုးသမီး ကလေးသူငယ်များကြားရှိ စာတတ်မြောက်မှုကွာဟ

[25] Policy Options for Vulnerable Groups Income Growth and Social Protection, A Policy Disucssion Paper, USAID, Kem Sotorn , Research Associate , March 2011, Special Report 7 , page 20 မှရရှိပါသည်။ {accessed 10March 2019}

ချက်အားနည်းပါးအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင်ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ကျန်းမာရေးအဆင့်အတန်း မြင့်မားအောင်ဆောင်ရွက်နိုင်ခြင်း အပြင် အခြေခံလူတန်းစားများမှ ကျန်းမာရေးဝန်ဆောင်မှုအား ရရှိအသုံးပြုနိုင်အောင် စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းအစီအစဉ်သည် အောင်မြင်မှုအချို့ရှိခဲ့သော်လည်း နွမ်းပါးချို့တဲ့သော တိုင်းရင်းသားလူမျိုးများ၏ကျန်းမာရေး၊ လူမှုရေးကိစ္စများကို အောင်မြင် အောင် ဆောင်ရွက်နိုင်ရန် လိုအပ်နေပါသေးသည်။ ထို့ကြောင့် အစိုးရသည် ယခု လက်ရှိအစီအစဉ်များအား လေ့လာသုံးသပ်၍ ပိုမိုကောင်းမွန်သော နည်းဗျူဟာများအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။[26]

(ဂ) **ဂျာမနီနိုင်ငံ။** ဂျာမနီနိုင်ငံတွင် အလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့် အာမခံစနစ်(၅)မျိုး ရှိပါသည်။ ယင်းတို့မှာ ကျန်းမာရေးအာမခံ၊ ဆေးကုသမှုအာမခံ၊ မတော်တဆထိခိုက်မှုအာမခံ၊ ပင်စင်အာမခံနှင့် အလုပ်လက်မဲ့အာမခံတို့ဖြစ်ပါသည်။ အာမခံစနစ်သည် အလုပ်ဝင်သည်နှင့်တစ်ပြိုင်နက်စတင်ပြီး အာမခံစနစ်များရရှိခံစားနိုင်ရန်အတွက် မိမိတို့လစဉ်ရရှိသည့် အလုပ်သမားခမှ လစဉ်အာမခံကြေးများထည့်သွင်းရပါသည်။ အလုပ်လက်မဲ့အခြေအနေများနှင့် အလုပ်မလုပ်နိုင်သည့်အခါများတွင် ငွေကြေး ထောက်ပံ့ပေး၍ အလုပ်ရှိသူများအား ကျန်းမာရေးနှင့် ကုသမှုအာမခံရရှိအောင် ဆောင်ရွက်ပေးပါသည်။ ဂျာမနီနိုင်ငံ၏ လူမှုဖူလုံရေးအာမခံစနစ်ကို လူတိုင်းလက်လှမ်းမီသည့် အာမခံစနစ်ဖြစ်အောင် ပုံဖော်ဖန်တီးပေးထားပြီး လက်ရှိ လူဦးရေ ၉၀ ရာခိုင်နှုန်းခန့်ကိုလွှမ်းခြုံပေးထားပါသည်။ အခြားလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားသော ဥပဒေများအရ အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါသည်။ [27]

[26] How are countries using social protection to benefit the poor, by Michael Samson , Director of Research, Economic Policy Research Institute, Cape Town Africa, Development Co-Operation Report 3013{accessed 2 Feb 2019}

[27] Social Protection in Germany: current challenges and lessons learnt from an ongoing reform process, by Roland Hackenberg {accessed 15 March 2019}

ထို့အပြင်ဂျာမနီနိုင်ငံအစိုးရသည် ကျောင်းသားလူငယ်များအတွက် ကျောင်းပညာရေးနှင့်ချိတ်ဆက်သော သက်မွေးမှုဆိုင်ရာသင်တန်းများပေးခြင်းဖြင့် အလုပ်အကိုင်ရရှိမှုကို အားပေးမြှင့်တင်သောအစီအစဉ်များကို လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ အလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများ၊ အလုပ်အကိုင် ရရှိရေးစင်တာများနှင့် စာသင်ကျောင်းများပူးပေါင်း၍ လူငယ်များကျောင်းပြီးလျှင် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လူငယ်နှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းပေါင်းစည်း ရေးအစီအစဉ်များကို ထောက်ပံ့ပေးခဲ့ပါသည်။[28]

**နိဂုံး**

၁၃။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေပြီး စဉ်ဆက်မပြတ်ဦးစားပေးလုပ်ဆောင်ရမည် ဖြစ်ပါ သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အခြားကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသကဲ့သို့ ချက်ချင်းတိုးတက်မှုမရရှိသော်လည်း ရေရှည်တွင်ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းလာခြင်း၊ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများမြင့်မားလာခြင်း၊ ကလေးသူငယ်များ၏ပညာရည်မြင့်မားလာခြင်းစသည့် ရလဒ်ကောင်းများရရှိလာနိုင်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ် သောကြောင့်ထိရောက်ပြီး ရေရှည်တည်တံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် အစိုးရ၊ ပြည်သူလူထု၊ ပြည်တွင်း/ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများစသည်တို့ အတူတကွလက်တွဲ၍ပူးပေါင်းပါဝင် လုပ်ဆောင် ကြရမည်ဖြစ်ပါသည်။

**ဤစာတမ်းတိုအား ဒေါ်နန်းသီတာဝင်း (ဒုတိယဦးစီးမှူး)က တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

[28] 2016 Strategic Social Reporting, Germany, Federal Ministry of Labour and Social Affairs {accessed 15 April 2019}

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅